## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး

## (၂၆)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက်)

(တနင်္လာနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာ ယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈) ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၆၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅.၆၉) ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ

သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက်  အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်း ဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင် ပြပါမယ်။

ဦးခင်မောင်(ခေါ်)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ (Climate Change Workshop)တက်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ပြည်ပခရီးစဉ်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဋ္ဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ပြည်ပခရီးစဉ်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးကော်ရိုင်း၊ ကယား(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစံပြည့်၊ ကချင်(၇)၊ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကိုယ်တိုင် ဆောင်ရွက် ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ မိခင် ကျန်းမာရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြအုန်း၊ ကချင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ မိသားစု ကျန်းမာရေး။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဖခင်ကျန်းမာ ရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးဇော်မိုး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးဝင်းကျော်ကျော်၊ တပ်မတော်၊ တာဝန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ဇနီး မီးဖွား။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ Workshop။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ဖွံ့ဖြိုးရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကျန်းမာရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။

ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ပြည်ပခရီးစဉ်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ သင်တန်းကိစ္စတို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန် - မန္တလေးအမြန်လမ်း အနောက်ခြမ်းဒေသရှိ ကျေးလက်နေ ပြည်သူများ ရာသီမရွေးသွားလာမှု လွယ်ကူအဆင်ပြေစေရေး အတွက် ကျေးလက်လမ်းများအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌွေး က နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန် - မန္တလေးအမြန်လမ်း အနောက်ခြမ်းဒေသရှိ ကျေးလက်နေ ပြည်သူများ ရာသီမရွေးသွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် ကျေးလက်လမ်း များအား ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးခင်မောင်ဌွေး၊ မန္တလေးဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးရဲ့ အနောက်ဘက်ခြမ်းဒေသမှာရှိတဲ့ ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာမှု လွယ်ကူအဆင်ပြေ စေရေးအတွက် ကျေးလက်လမ်းများအား ကျောက်ချောလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေမှာ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ် နှင့် တပ်ကုန်းမြို့နယ်တို့ရဲ့ ဧရိယာအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဖြတ်သန်း ဖောက်လုပ်ထားပါတယ်။ အဆိုပါအမြန်လမ်းမကြီး ဖောက်လုပ်ထားခြင်း အတွက် ရန်ကုန်-မန္တလေး မြို့ကြီးများမှာရှိတဲ့ ပြည်သူများကတော့ လျင်မြန်လွယ်ကူချောမွေ့စွာ သွားလာမှု အဆင်ပြေလျက် ရှိကြပါတယ်။ သို့သော်လည်းပဲ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ ရှိတဲ့ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နဲ့ တပ်ကုန်းမြို့နယ်တို့မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရဲ့ လမ်းဘေးဝဲယာ ကျေးလက်နေ ပြည်သူများအနေဖြင့်ကတော့ အမြန်လမ်းမကြီးရဲ့ ဝဲ/ယာ အား ဖြတ်သန်းသွားလာမှု အဆင်မပြေဘဲ ရှိနေကြဆဲပဲ ဖြစ်ပါတယ်။ အမြန်လမ်းမကြီး၏ အောက်မှ ဖြတ်သန်းသွားလာနိုင်မည့် Under Pass နှင့် Box Calvert များမှာ ရာသီမရွေး ဖြတ်သန်း သွားလာမှု မရနိုင်သဖြင့် အချို့ကျေးရွာပြည်သူများအနေနဲ့ အမြန်လမ်းမကြီးပေါ်မှာ အဆင်ပြေသလို

လှည်းများ၊ နွားများ၊ ဆိုင်ကယ်များ၊ ပြည်သူများ၊ ကျောင်းသား/ကျောင်းသူများ ဖြတ်သန်းသွားလာနေမှုများကြောင့် မကြာခဏဆိုသလို အမြန်လမ်းမကြီးပေါ်မှာ ယာဉ်တိမ်းမှောက်ခြင်း၊ ယာဉ်များ၊ လှည်းများ၊ ကျွဲ၊ နွားများ တိုက်ခိုက်မှုများ ဖြစ်ပေါ်နေခြင်း၊ ယာဉ်တိုက်ခိုက်မှုကြောင့် ခရီးသွားပြည်သူများ အနေဖြင့် အသက်သေကြေမှုများရှိသလို ထိခိုက်ဒဏ်ရာရရှိကြပြီးတော့မှ ဒုက္ခိတ ဘဝလိုမျိုး ဖြစ်သွားကြသူများလည်း ရှိနေသည့်အတွက် စိတ်မကောင်းဖွယ်ရာ အဖြစ်မျိုးများကိုလည်း ကြုံတွေ့နေရပါတယ်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို တာဝန်ယူဆောင်ရွက်နေတဲ့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအနေဖြင့်လည်း ကျေးလက်နေပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး နှင့် ယှဉ်လျက် ကျေးရွာချင်းဆက် ကုန်ထုတ်မြေသားလမ်းဖောက်လုပ်နေတဲ့ အပြင် Under Pass နှင့် Box Calvert များကိုလည်း ရာသီမရွေး သွားလာနိုင်ရေးပြုပြင်လျက်ရှိနေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲ့ ဝဲယာများကို တချို့ကျေးရွာနဲ့နီးတဲ့ နေရာများမှာ ကျေးရွာရှိ ပြည်သူများ၊ တိရစ္ဆာန်များ၊ လှည်းများ၊ ဆိုင်ကယ်များ မဖြတ်သန်းရအောင် သံဇကာများကိုလည်း တပ်ဆင် ကာရံလျက်ရှိကြောင်း တွေ့ရှိနေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမြန်လမ်းမကြီးအောက်မှ ဖြတ်သန်းသွားလာနိုင်မယ့် Under Pass နှင့် Box Calvert များ ပြုပြင်တည်ဆောက်ပြီးစီးသွားသော်လည်းပဲ ကျေးလက်နေပြည်သူများအနေဖြင့် ကျေးရွာများမှ အဆိုပါ Under Pass နှင့် Box Calvertများသို့ ဆက်သွယ်ထားသည့် လမ်းမှာ မြေသားလမ်း ဖြစ်နေတဲ့အတွက် ရာသီမရွေး သွားလာနိုင်ရန်မှာ အခက်အခဲရှိနေဦးမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း ဖြတ်သန်းသွားတဲ့ အမြန်လမ်းမကြီးအနောက်ဘက်ခြမ်း ဒေသရှိ ကျေးရွာများအနေဖြင့် အမြန်လမ်းမကြီး ရဲ့ မိုင်တိုင်(၂၀၄/၄-၅) ရှိတဲ့ Under Pass နှင့် Box Calvert ကို ဆက်သွယ်ထားတဲ့ မကျီးကုန်းကျေးရွာမှ အကွာအဝေး(၁.၅)မိုင်နှင့် ကူနှစ်လုံးဆည်စု ကျေးရွာမှ အကွာအဝေး(၂)မိုင်တို့ကိုလည်းကောင်း၊ မိုင်တိုင်(၂၀၇/၄-၅) ရှိ Under Pass နှင့် Box Calvert များသို့ ဆက်သွယ်ထားတဲ့ ကျွဲတဲကျေးရွာနှင့် ရွှေခဲအင်းကျေးရွာမှ (၃.၄)မိုင်နဲ့ ကျောက်ခဲ အင်းကျေးရွာမှ (၂)မိုင်တို့ကို ယခုလက်ရှိ မြေသားလမ်းအဆင့်မှ ကျေးလက်နေပြည်သူများ ရာသီမရွေး သွားလာမှု အဆင်ပြေစေရန် ကျောက်ချောလမ်းအဆင့် တိုးမြှင့်ပေးရန် အစီအစဥ် ရှိ/မရှိ နှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ကျေးလက်နေ ပြည်သူများ၏ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘုလ-ရွှေပန်းတောကျေးလက်လမ်းမကြီးတွင် အရည်အသွေးမပြည့်မီသော နေရာအားလုံးကိုသတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ပြန်လည်ပြုပြင်မွမ်းမံ ပေးသွားရန်နှင့် ယင်းလမ်းမကြီး၏ အစိတ်အပိုင်း တစ်ခုဖြစ်သော ကျောက်ပန်းတောင်း- မြို့လှ-ထမကန်-ရွှေပန်းတော လမ်းပိုင်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်ပြုပြင် မွမ်းမံပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဦးတင်ဝင်း က အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘုလ-ရွှေပန်းတော ကျေးလက်လမ်းမကြီးတွင် အရည်အသွေး မပြည့်မီသော နေရာ အားလုံးကို သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ပြန်လည်ပြုပြင်မွမ်းမံ ပေးသွားရန်နှင့် ယင်းလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ကျောက်ပန်းတောင်း- မြို့လှ-ထမကန်-ရွှေပန်းတော လမ်းပိုင်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်ပြုပြင်မွမ်းမံ ပေးသွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တင်ပြမေးမြန်းသွားမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ် အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘုလ-ရွှေပန်းတော ကျေးလက်လမ်းမကြီးကို ပြန်လည်မွမ်းမံပြင်ဆင်သွားရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ အောင်လံမြို့နယ်မှာ အောင်လံ-ကျောက်ပန်းတောင်း- သမ္ဘုလ-ရွှေပန်းတော ကျေးလက်လမ်းမကြီးကို ပြီးခဲ့တဲ့ ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မှာ ဖြည့်စွက်ရန်ပုံငွေ သိန်းပေါင်း(၇၆၀၀)ကျော်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ပြုပြင်မွမ်းမံပေးခဲ့ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီး နောက်ပိုင်း ခေတ်အဆက်ဆက် ဘယ်အစိုးရ၊ ဘယ်ဌာနကမှ ပြုပြင်တည်ဆောက်ပေးခဲ့ခြင်း မရှိခဲ့တဲ့ ဒီလမ်းမကြီး ကို ငွေကျပ် သိန်းပေါင်းမြောက်မြားစွာ အကုန်အကျခံပြီး အခုလို ပြုပြင်မွမ်းမံပေးခဲ့တဲ့အတွက် ကျေးလက်ပြည်သူအားလုံးက ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူလျက်ရှိပြီး နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာ ဦးစီးဌာနကို အထူးကျေးဇူးတင် ဂုဏ်ပြုလျက် ရှိခဲ့ကြပါတယ်။ အထက်ဖော်ပြပါ ခွင့်ပြုငွေများဖြင့် ကတ္တရာလမ်း (၆)မိုင်(၄)ဖာလုံ၊ ကျောက်ချောလမ်း (၆)မိုင် (၄)ဖာလုံကို ပြုပြင် မွမ်းမံပေးခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ယခုကဲ့သို့ နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ ပြုပြင်မွမ်းမံပေးခဲ့သော်လည်း လက်တွေ့အကောင်အထည်ဖော်ပေးခဲ့တဲ့ Soe & Sons ကုမ္ပဏီအနေနဲ့ သတ်မှတ်ထားတဲ့ လမ်း

အရည်အသွေး စံချိန်များနဲ့ ကိုက်ညီအောင် ဆောင်ရွက်မပေးခဲ့ပါဘူး။ ၎င်းကုမ္ပဏီမှာ လမ်းကြိတ်စက်ပင် မရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ အကောင်အထည်ဖော်ခဲ့တဲ့လမ်းဟာ အခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြန်လည်ပျက်စီးစ ပြုနေပါပြီ။ ကတ္တရာလမ်းတွေက ချိုင့်ခွက်တွေ ပြန်ဖြစ်နေပြီး ကျောက်ချောလမ်းက မြေသားလမ်းလို ပြန်ဖြစ်နေပါပြီ။ သက်ဆိုင်ရာနယ်မြေ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နဲ့ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များဟာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာ ကွင်းဆင်းလေ့လာခဲ့ကြပါတယ်။

ကျေးလက်ပြည်သူတွေက အချိန်အနည်းငယ်အတွင်း ပြန်လည်ပျက်စီးသွားတဲ့ သူတို့ရဲ့ ကျေးလက်လမ်းမကြီးကို အမြန်ဆုံး ပြန်လည်ပြုပြင်မွမ်းမံပေးဖို့ အလေးထား တင်ပြခဲ့ကြပါတယ်။ သက်ဆိုင်ရာကုမ္ပဏီအနေနဲ့ ယိုယွင်းတဲ့နေရာတွေကို ပြန်လည်မွမ်းမံနေတာလည်း မတွေ့ရှိခဲ့ရပါဘူး။ ပင်မ ကုမ္ပဏီအနေဖြင့် ထပ်ဆင့်ကန်ထရိုက်တွေ ပေးပြီး ဆောင်ရွက်စေခဲ့တာကြောင့် တာဝန်ခံတစ်ဦး တစ်ယောက်မှလည်း ရှာဖွေ မတွေ့ရှိခဲ့ရပါဘူး။ ကုမ္ပဏီအနေဖြင့် (၅)နှစ်အတွင်း ပြုပြင်မွမ်းမံပေးဖို့ စာချုပ်စာတမ်းတွေ အရတာဝန်ရှိကြောင်း သိရပါတယ်။ ဒီလိုအခြေအနေတွေ ဖြစ်နေတာတွေကို သက်ဆိုင်ရာ လမ်းအရည်အသွေး စစ်ဆေးရေးအဖွဲ့တွေကလည်း ကြပ်မတ်ကွပ်ကဲမှု အထူးအားနည်း နေတာကိုလည်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ပြည်သူ့ငွေတွေ လမ်းပေါ် မရောက်ခဲ့ပါဘူး။ ထပ်ဆင့်ကန်ထရိုက်တွေကလည်း ၎င်းတို့စိုက်ပြီး ပြုပြင်ထားတဲ့ငွေ မရလို့ တိုင်ကြားနေတဲ့စာတွေ ကျွန်တော်တို့ဆီမှာ မိတ္တူတွေရောက်နေပါပြီ။ ဒါကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်က တာဝန်ရှိပုဂ္ဂိုလ်တွေကိုယ်တိုင် ကွင်းဆင်း လေ့လာစစ်ဆေးပေးဖို့ အကြံပြု တင်ပြလိုပါတယ်။

ထိုနည်းတူ ဒီလမ်းမကြီးရဲ့အဓိက အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ကျောက်ပန်းတောင်း-မြို့လှ-ထမကန်-ရွှေပန်းတော လမ်းပိုင်းကိုလည်း ယခုအချိန်အထိ လုံးဝ မပြင်ဆင်ရသေးပါဘူး။ တစ်စိတ် တစ်ဒေသ ခွဲဝေပြုပြင်ပေးဖို့ တင်ပြလိုပါတယ်။ ကိုင်းစုကျေးရွာအနီးမှာဆိုရင် မိုးတွင်းကာလ၌ ကားကြီးတွေ လုံးဝသွားလို့မရတော့ပါဘူး။ နှစ်ပေါင်းများစွာ ကျိုးပဲ့နေတဲ့ တံတားတွေလည်း ရှိနေပါ သေးတယ်။ နှစ်ပေါင်းများစွာ လျစ်လျူရှုခဲ့တဲ့ လမ်းဖြစ်နေတဲ့အတွက်ကြောင့် အမြန်ဆုံးပြင်ဆင် မွမ်းမံပေး သွားဖို့ အကြံပြုတင်ပြလိုပါတယ်။ အောင်လံ-ကျောက်ပန်းတောင်း-သမ္ဗုလလမ်းပိုင်း (၂၄/၀)မိုင်နှင့် ကျောက်ပန်းတောင်း-မြို့လှ-ထမကန်-ရွှေပန်းတော လမ်းပိုင်း (၁၃/၀)မိုင်၊ စုစုပေါင်းလမ်းအရှည် (၃၇)မိုင် ရှိပါတယ်။ ဒီလမ်းမကြီးဟာ အောင်လံအရှေ့ခြမ်းကျေးရွာ(၁၈၉)ရွာရှိ ကျေးရွာပြည်သူလူထုပေါင်း တစ်သိန်းနှစ်သောင်းကျော်ကို အကျိုးပြုလျက်ရှိတဲ့ အဓိက လမ်းမကြီး ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေး အစီအမံတွေကိုလည်း များစွာ အထောက်အကူပြုမှာ ဖြစ်တဲ့အတွက် အမြန်ဆုံးပြန်လည် မွမ်းမံပေးနိုင်ပါရန် ကျေးလက် ပြည်သူတစ်သိန်းကျော်တို့က ဆန္ဒပြုလျက် ရှိပါကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါမေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးလက်ပြည်သူတို့ကိုယ်စား ရိုသေလေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။

(က) ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဖြည့်စွက်ရန်ပုံငွေ သိန်းပေါင်း (၇၆၀၀)ကျော်ဖြင့် ပြုပြင် မွမ်းမံပေးခဲ့သော အောင်လံ-ကျောက်ပန်းတောင်း-သမ္ဗုလ-ရွှေပန်းတော ကျေးလက်လမ်းမကြီးတွင် ပျက်စီးယိုယွင်းနေသော နေရာများ၌ စံချိန် စံညွှန်းနှင့်အညီ ပြန်လည်ပြုပြင် မွမ်းမံ ပေးသွားရန် အစီအစဉ်

ရှိ/မရှိ၊ (ခ) ယင်းလမ်းမကြီး၏ အစိတ်အပိုင်း တစ်ခုဖြစ်သော ကျောက်ပန်းတောင်း- မြို့လှ- ထမကန်- ရွှေပန်းတောလမ်းပိုင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆက်လက်ပြုပြင် မွမ်းမံပေးသွားရန် အစီအစဉ်ရှိ/မရှိ၊ (ဂ) အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါ၍ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဒေါက်တာအောင်မြတ်ဦး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး ရဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိခရိုင်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း ဖြတ်သန်းသွားတဲ့ အမြန်လမ်းမကြီးရဲ့ အနောက်ဘက်ခြမ်း ဒေသမှာရှိတဲ့ မကျီးကုန်းကျေးရွာ မှ အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၀၄/၄)နှင့် (၂၀၄/၅) ကြားမှာရှိတဲ့ Under Pass နှင့် Box Culvert သို့ ဆက်သွယ်ထားတဲ့ လမ်းအရှည် (၁)မိုင် (၄)ဖာလုံ၊ မိုင်တိုင်အမှတ် (၂၀၇/၄)နှင့် (၂၀၇/၅)ကြားမှာရှိတဲ့ Under Pass နှင့် Box Culvert သို့ ကူနှစ်လုံးဆည်စုကျေးရွာမှ ဆက်သွယ်ထားတဲ့ လမ်းအရှည် (၂) မိုင်၊ အထက်ပါ Under Pass နှင့် Box Culvert သို့ ကွဲတဲကျေးရွာနှင့် ရွှေခဲအင်းကျေးရွာမှ ဆက်သွယ်ထားတဲ့ လမ်းအရှည် (၃)မိုင်၊ (၃)ဖာလုံနှင့် ကျောက်ခဲအင်းကျေးရွာမှ ဆက်သွယ်တဲ့ လမ်းအရှည် (၂)မိုင် စုစုပေါင်း (၈)မိုင် (၇)ဖာလုံကို ကျောက်ခင်းလမ်း ခင်းပေးမယ်ဆိုပါက ခန့်မှန်းကုန်ကျငွေ (၅၇၄.၄၀)သန်း ကျပ်ကုန်ကျမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ ဒက္ခိဏသီရိမြို့နယ်အတွင်း ဖြတ်သန်းသွားသော အမြန်လမ်းမကြီးရဲ့ အနောက်ဘက်ခြမ်းဒေသမှာရှိတဲ့ ကျေးရွာများမှ အမြန်လမ်းမကြီးသို့ ဆက်သွယ်တဲ့ ကျောက်ချောလမ်းခင်းခြင်းကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ လျာထားတင်ပြထားခြင်း မရှိသေးပါကြောင်းနှင့် တင်ပြပါ ကျောက်ချောလမ်းများအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အသေးစိတ်ကွင်းဆင်းတိုင်းတာ တွက်ချက်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းမှာ ဦးစားပေး အစီအစဉ်အတိုင်း ရန်ပုံငွေတင်ပြတောင်းခံပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလ-ရွှေပန်းတောလမ်းမှာ အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလလမ်းပိုင်း (၂၄)မိုင်၊ ကျောက်ပန်းတောင်း- မြို့လှ- ရွှေပန်းတော လမ်းပိုင်း (၁၃)မိုင် စုစုပေါင်း မိုင်အရှည် (၃၇)မိုင်ရှိပြီး ကျေးရွာ(၁၈၉)ရွာရှိ ပြည်သူလူထု (၁၁၈၅၀၂) ဦးတို့ကို အကျိုးပြုတဲ့ လမ်းလည်းဖြစ်ပါတယ်။ အဆိုပါလမ်းဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်း ဖြစ်တဲ့အပြင် ကျောက်ပန်းတောင်းကျေးရွာမှာ အောင်လံ (ခနယ်) သစ်ထုတ်လုပ်ရေးကြားစခန်း တည်ရှိတဲ့အတွက် ကြောင့်မို့လို့ အလယ်ရိုးမမှ အောင်လံမြို့သို့ သစ်ပို့တဲ့ကားများ ဖြတ်သန်း မောင်းနှင်လေ့ရှိကြောင်းလည်း သိရပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ရန်ပုံငွေနဲ့ အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလလမ်းပိုင်း ကတ္တရာလမ်း (၆)မိုင်(၄)ဖာလုံနဲ့ ကျောက်ချောလမ်း (၆)မိုင်(၄)ဖာလုံတို့ကို Soe & Sons ကုမ္ပဏီကို တင်ဒါစနစ်နဲ့ လုပ်ငန်းအပ်နှံ ဆောင်ရွက်ပြီးစီးခဲ့ပြီးလည်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဆိုပါလမ်းပေါ်သို့ သစ်လုံးတင် ယာဉ်ကြီးများ မောင်းနှင်ခြင်းမပြုရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိသော်လည်းပဲ မိုးရာသီကာလအတွင်း မကြာခဏ ဖြတ်သန်းမောင်းနှင်လျက် ရှိတဲ့အတွက်ကြောင့်မို့လို့ လမ်းများ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပါတယ်။ မည်သို့ပင်ဖြစ်စေကာမူ ကုမ္ပဏီမှ တာဝန်ယူပြင်ဆင်ရမယ့် လမ်းအပိုင်းကို အမြန်ဆုံးပြန်လည်ပြုပြင် ဆောင်ရွက်သွားဖို့ Soe & Sons ကုမ္ပဏီကို ၂၇-၁-၂၀၁၄ ရက်နေ့မှာ အကြောင်းကြားခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် လမ်းပျက်စီးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလ လမ်းဘေးတစ်လျှောက်မှာ သစ်လုံးတင်ယာဉ်ကြီးများ မောင်းနှင်ဖို့ တစ်ကြောင်းထိုး မြေသားလမ်း ဖောက်လုပ်ခြင်းကိုလည်း ၁၇-၂-၂၀၁၄ ရက်နေ့မှာ ဆောင်ရွက်ပြီးစီးခဲ့ပြီးလည်း ဖြစ်ပါတယ်။ သစ်လုံးသယ်ကားများ သွားလာမှုကြောင့် အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလ လမ်းပျက်စီးမှုများကိုလည်း စံချိန် စံညွှန်းနဲ့အညီ ပြန်လည်ပြုပြင်နိုင်ဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ကတ္တရာလမ်း (၆)မိုင် (၄)ဖာလုံပြုပြင်ခြင်း ငွေကျပ် (၆၄.၀၄၉)သန်း၊ ကျောက်ချောလမ်း (၆)မိုင်(၄)ဖာလုံ ပြုပြင်ခြင်းအတွက် ငွေကျပ် (၄၃.၉၈)သန်းတို့ကိုလည်း ထပ်မံ လျာထားတင်ပြထားပြီး ဖြစ်ပါတယ်။

အထက်ပါတင်ပြခဲ့တဲ့ အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလလမ်းကို ကတ္တရာလမ်း ပြုပြင်ခြင်းနဲ့ ကျောက်ချောလမ်းပြုပြင်ခြင်း အပါအဝင် ကျောက်ချောလမ်းသစ် (၁၀)မိုင်(၁)ဖာလုံ ခင်းဖို့အတွက် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် (၅၆၉.၀၂၉)သန်းကိုလည်း လျာထားတင်ပြပြီး ဖြစ်ပါတယ်။ အောင်လံမြို့နယ် ကျောက်ပန်းတောင်း-မြို့လှ-ရွှေပန်းတောလမ်း အပိုင်း (၁၃)မိုင်အား ပြုပြင်မွမ်းမံရန် ခန့်မှန်းတွက်ချက်ရာမှာ ပျက်စီးနေတဲ့ လမ်းအရှည် (၈)မိုင် (၄)ဖာလုံ မြေသား တာဘောင်ဖို့ရန် ငွေကျပ် (၁၁၀.၅၀)သန်း၊ ကျောက်ချောလမ်း (၁၃)မိုင် ခင်းရန် ငွေကျပ် (၆၂၃.၄၈)သန်း၊ သစ်သားတံတား(၃)စင်း (၁၀၀)ပေ တည်ဆောက်ဖို့အတွက် ငွေကျပ်(၅၀)သန်း စုစုပေါင်း ငွေကျပ် (၇၈၃.၉၈)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အောင်လံမြို့နယ်၊ ကျောက်ပန်းတောင်း-မြို့လှ-ရွှေပန်းတောလမ်းအပိုင်း (၁၃)မိုင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကိုတော့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ လျာထားတင်ပြထားခြင်း မရှိသေးပါကြောင်းနဲ့ တင်ပြပါ ကျေးရွာချင်းဆက်လမ်းအား ပထမအဆင့် အနေနဲ့ လမ်းအရှည် (၈)မိုင်(၄)ဖာလုံကို မြေသားတာဘောင်တင်ဖို့ခြင်း၊ ကျောက်ချောလမ်း (၄)မိုင် (၄)ဖာလုံခင်းခြင်းနဲ့ သစ်သားတံတား(၃)စင်း တည်ဆောက်ခြင်းတို့အတွက် တိုင်းဒေသကြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစိတ်ကွင်းဆင်း တိုင်းတာတွက်ချက်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ဦးစားပေးအစီအစဥ်အတိုင်း တင်ပြတောင်းခံ သွားမည်ဖြစ်ကြောင်း တင်ပြ အပ်ပါတယ်ခင်ဗျား။

**နိုင်ငံခြားငွေကို ပုဂ္ဂလိကဘဏ်များမှ ချေးငွေအဖြစ် ထုတ်ချေးခွင့်ပြုရန် အစီအစဥ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးနေဝင်းထွန်း က နိုင်ငံခြားငွေကို ပုဂ္ဂလိကဘဏ်များမှ ချေးငွေအဖြစ် ထုတ်ချေး ခွင့်ပြုရန် အစီအစဥ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုဘဏ်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မဲဆန္ဒအမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းရတဲ့ အကြောင်းရင်းနဲ့ ပတ်သက်လို့ အနည်းငယ် ရှင်းပြလိုပါတယ်။

ကျွန်တော်တို့ နိုင်ငံသည် ဒီမိုကရေစီကျင့်စဥ်နဲ့အညီ တံခါးဖွင့် စီးပွားရေးဝါဒကို ကျင့်သုံး နေပြီဖြစ်တဲ့အတွက် နိုင်ငံခြားငွေများဖြင့် ကုန်စည်များ ကူးသန်းရောင်းဝယ်သည့် လုပ်ငန်းများကိုလည်း ယခင်ထက်ပိုပြီး လုပ်ကိုင်ဆောင်ရွက်လာကြပြီ ဖြစ်ပါတယ်။ ယခုလို လုပ်ငန်းများ လုပ်ကိုင်လာနိုင်တဲ့ နေရာမှာ အချို့လုပ်ငန်းရှင်များအနေနဲ့ နိုင်ငံခြားဝင်ငွေများကို နိုင်ငံတော်ဘဏ်သို့လည်းကောင်း၊ ပုဂ္ဂလိကဘဏ်များသို့လည်းကောင်း အပ်နှံထားရှိခြင်းများလည်း ရှိနေကြပါတယ်။ အခြား လုပ်ငန်းရှင် များကတော့ ပြည်တွင်းပို့ကုန်ပစ္စည်း၊ ပြည်ပပို့ကုန်ပစ္စည်းများ မတင်ပို့နိုင်ခြင်းအတွက် နိုင်ငံခြား ဝင်ငွေများ မရှိကြပါဘူး။

ကျွန်တော်တို့ နိုင်ငံသည် ယခုလို ခေတ်စနစ် မပြောင်းလဲသေးခင် ကာလတုန်းက နိုင်ငံတကာမှ အရေးယူပိတ်ဆို့မှုများပြုလုပ်ခဲ့တဲ့အတွက် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးထိခိုက်စေခဲ့ပါတယ်။ ယခု ခေတ်စနစ် ပြောင်းလဲလာသည့်အချိန်တွင် နိုင်ငံတကာမှ ပိတ်ဆို့မှုများ၊ ဖြေလျှော့မှုများ ဖြေလျှော့ပေးခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များမှလည်း

အရစ်ကျ ငွေပေးချေစနစ်ဖြင့် ကုန်ပစ္စည်းများဝယ်ယူနိုင်ခြင်း စသည့်အခွင့် အလမ်းများကို တွင်ကျယ်စွာ ဆောင်ရွက်နိုင်သလို ပိတ်ဆို့မှုများ မရှိတဲ့အတွက် လုပ်ငန်းများကိုလည်း ကုန်စည်စီးဆင်း ဆောင်ရွက်မှုများ၊ ကုန်သွယ်မှုများလည်း လွတ်လပ်စွာ ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။

သို့ပေမယ့်လည်း နိုင်ငံခြားငွေ လုံလောက်မှု အားနည်းခြင်း၊ မြန်မာငွေ အရင်းအနှီး မလုံလောက်နိုင်ခြင်းတို့ကြောင့် အချို့သော လုပ်ငန်းရှင်များအနေနဲ့ ကုန်ပစ္စည်းများကို နိုင်ငံခြားမှ အရစ်ကျ အကြွေးစနစ်ဖြင့် မှာယူတင်သွင်းနိုင်ရန် အခက်အခဲများလည်း ရှိနေကြပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ငွေလဲလှယ်ကောင်တာများ ဖွင့်လှစ်စေကာ ငွေလဲလှယ်ခြင်း လုပ်ငန်းများကို တရားဝင်လုပ်ကိုင်ဆောင်ရွက်နိုင်အောင် စီစဉ်ထားပေးခြင်း ရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ သို့သော်လုပ်ငန်းရှင်များအချို့မှာ ငွေကြေးမလုံလောက်သည့် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားငွေကို ဘဏ်များမှ တရားဝင်ချေးယူခြင်း ဆောင်ရွက်လိုကြပါတယ်။ ၎င်းအခက်အခဲတို့ကို ဘဏ်စနစ်မှ ကူညီဆောင်ရွက်ပေးမည်ဆိုပါက နိုင်ငံသားများအနေဖြင့် ရရှိလာမယ့် အခွင့်အရေးများကို အသုံးချရရှိလာနိုင်ပြီး အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီလမ်းဖွင့်ပေးရာ ရောက်ပါတယ်။ ခေတ်စနစ် ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံသူ/နိုင်ငံသားများ နိုင်ငံတကာနှင့် ဆက်ဆံကာ ကုန်စည်များ ကူးသန်းရောင်းဝယ်ခြင်းနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဘဏ်စနစ်သည် အဓိကချိတ်ဆက်ပေးနိုင်သော အခန်းကဏ္ဍ တစ်ရပ်အဖြစ် ပါဝင်နေပါသည်။ ထိုသို့ ဘဏ်များမှ နိုင်ငံခြားငွေများအား ချေးငွေအဖြစ် ထုတ်ချေးခွင့် ရရှိမည်ဆိုပါက ချေးငွေရရှိသူ လုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်းအကျိုးစီးပွားများ လျင်မြန်စွာ တိုးတက်အောင်မြင်မှုများ ရရှိလာကြမှာဖြစ်သလို ဘဏ်လုပ်ငန်းရှင်များအနေဖြင့်လည်း ထိုက်သင့်သော အတိုးနှုန်းထားများဖြင့် အတိုး ကောက်ခံရရှိ အကျိုးဖြစ်မှာ ဖြစ်ပါတယ်။

၎င်းအပြင် ဘဏ်များသို့ နိုင်ငံခြားငွေ အပ်နှံသူများအနေဖြင့်လည်း ထိုက်သင့်သော အတိုးနှုန်းများ အကျိုးရရှိစေမှာ ဖြစ်ပါတယ်။ ယခုအချိန်ကာလတွင် ဘဏ်များမှ နိုင်ငံခြားငွေများ ချေးငွေများ ထုတ်ချေးခွင့်၊ ချေးငှားခွင့် မရှိနိုင်သေးတဲ့အတွက် ဘဏ်လုပ်ငန်းရှင်နှင့် အခြားလုပ်ငန်းရှင်များလည်း အချိတ်အဆက် မဖြစ်နိုင်သလို အကျိုးစီးပွားများလည်း ဖြစ်ထွန်းနိုင်မှု အားနည်းနေပါသေးတယ်။ ထို့ကြောင့် နိုင်ငံတော်နှင့်နိုင်ငံသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်ရေးကို ဘဏ်စနစ်မှ အဟန့်အတားသဖွယ် မဖြစ်စေလိုတဲ့ဆန္ဒကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ နိုင်ငံတော်ဗဟိုဘဏ်သည် ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်၍ နိုင်ငံခြားငွေစာရင်းဖွင့်လှစ် အပ်နှံထားရှိသော နိုင်ငံခြားငွေများအား အကျိုးရှိစွာ စီမံခန့်ခွဲခွင့် ရရှိရေး တစ်နည်းအားဖြင့် ဘဏ်ငွေအပ်နှံသူနှင့်ချေးငွေ ရယူလိုသူတို့ သုံးဦး သုံးဖလှယ် အကျိုးကျေးဇူး ခံစားရရှိစေရေးအတွက် နိုင်ငံခြားငွေကို ပုဂ္ဂလိကဘဏ်များမှ ချေးငွေအဖြစ် ထုတ်ချေးခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုပါကြောင်းနှင့် မရှိပါက မည်ကဲ့သို့သော အကျိုးအကြောင်းကြောင့် မဆောင်ရွက် ပေးနိုင်သည်ကိုလည်း သိရှိလိုပါကြောင်း မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၈။**

**ဒေါ်ခင်စောဦး (ဒုတိယဥက္ကဋ္ဌ၊ ဗဟိုဘဏ်)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက် မေတ္တာပို့သအပ်ပါတယ်။ ကျွန်မကတော့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်စောဦး ဖြစ်ပြီးတော့၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း ရဲ့ နိုင်ငံခြားငွေများကို ပုဂ္ဂလိကဘဏ်များမှ ချေးငွေအဖြစ် ထုတ်ချေးခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂/၂၀၁၂ ဖြင့် ၁၀-၈-၂၀၁၂ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၁၉ မှာ နိုင်ငံခြားငွေဖြင့် ထုတ်ချေးငွေနှင့် စပ်လျဉ်းပြီးတော့ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပြည်တွင်း၌ နေထိုင်သူများအား သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသုံးငွေဖြင့် ချေးငွေ ထုတ်ချေးနိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေမှာ သတ်မှတ် ပြဋ္ဌာန်းချက်အရ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားတဲ့ လုပ်ငန်းလိုင်စင် (Authorized Dealer Licence )ရရှိတဲ့ ဘဏ်တွေဟာ ပြည်တွင်းမှာ နေထိုင်သူများ၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် အကျုံးဝင်သူများကို နိုင်ငံခြားငွေဖြင့် ချေးငွေထုတ်ချေးနိုင်ခွင့် ရှိပါတယ်။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု စည်းမျဉ်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်က နေပြီးတော့ ရေးဆွဲပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို တင်ပြပြီးတော့ ရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်များနှင့်အညီ ပြင်ဆင်၍ ပြန်လည်တင်ပြပြီး ဖြစ်ပါသဖြင့် မကြာမီကာလအတွင်းမှာ အဆိုပါစည်းမျဉ်းများကို ထုတ်ပြန်နိုင်မည် ဖြစ်ပါတယ်။ နိုင်ငံခြားသုံးငွေဖြင့် ချေးငွေများ ထုတ်ချေးခြင်းဆိုင်ရာ စည်းမျဉ်းများမှာ ငွေချေးယူသူသည် ချေးယူသည့် နိုင်ငံခြားငွေ ပမာဏနှင့် လိုက်လျောညီထွေရှိသည့် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှု အခွင့်အလမ်း ပုံမှန်ရှိကြောင်း ကျေနပ်ဖွယ်ရာ အထောက်အထားများကို မှန်ကန်ကြောင်း စိစစ်ပြီးမှ ချေးငွေထုတ်ချေးရမည်။

ထို့အပြင် ယင်းချေးငွေ ထုတ်ချေးခြင်းသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ခွင့်ပြုထားသည့် ချေးငွေ စံနှုန်းများနှင့် အညီ ဖြစ်ရမည်လို့ ပါရှိပါတယ်။ နိုင်ငံခြားငွေဖြင့် ချေးငွေ ထုတ်ချေးနိုင်ရန် ဘဏ်များဟာ တစ်ဖက်မှာ ငွေကြေးပိုလျှံပြီးတော့ ဘဏ်၌ အပ်နှံလိုသူများထံမှ နိုင်ငံခြားငွေဖြင့် ငွေကြေးအရင်းအမြစ်များ စုစည်းရန် လိုအပ်ပြီးတော့ အခြားတစ်ဖက်မှာ အရင်းအနှီး လိုအပ်သူများကို နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု စည်းမျဉ်းသတ်မှတ်ချက်အတိုင်း စနစ်တကျ စိစစ်ထုတ်ချေးပေးရန် ဖြစ်ပါတယ်။ နိုင်ငံခြားသုံးငွေ

စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၀ မှာ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် အများပြည်သူထံမှ နိုင်ငံခြားသုံးငွေဖြင့် အပ်ငွေကို လက်ခံခြင်း သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသုံးငွေဖြင့် ငွေချေးစာချုပ်များနှင့် ကာလတို ငွေစုလက်မှတ်များ ထုတ်ဝေခြင်းဖြင့် အများပြည်သူထံမှ ငွေကြေးကို စုစည်းနိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ငွေကြေးအရင်းအမြစ် စုစည်းရန်အတွက် AD လိုင်စင်ရတဲ့ဘဏ်တွေဟာ နိုင်ငံခြားငွေဖြင့် မတည်ရင်းနှီးငွေအား တိုးမြှင့်ခြင်း၊ ငွေအပ်နှံသူ (Depositer) များထံမှ နိုင်ငံခြားငွေဖြင့် အပ်ငွေများ လက်ခံခြင်း ပြည်တွင်းပြည်ပ ငွေကြေးဈေးကွက်များမှ နိုင်ငံခြားငွေဖြင့် ချေးငှားယူခြင်းတို့ကို ဆောင်ရွက်နိုင်ပါတယ်။ ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေဖြင့် ချေးငွေထုတ်ချေးခြင်းအတွက် စည်းမျဉ်းမူဘောင်ကို ချပေးပြီး သင့်လျော်သည့်အတိုးနှုန်းကို သတ်မှတ် ပြီးတော့ ထိန်းကျောင်းပေးရန် ဖြစ်ပါတယ်။ သက်ဆိုင်ရာဘဏ်က ကျပ်ငွေဖြင့် ထုတ်ချေးခြင်းနှင့် နိုင်ငံခြားငွေဖြင့် ထုတ်ချေးခြင်းတို့ရဲ့ နှိုင်းယှဥ်သာ၍ အကျိုးအမြတ် (Comparative Advantage)ကို စဥ်းစားပြီးတော့ မိမိ၏ဆုံးဖြတ်ချက်အရ ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ ကနဦးလိုအပ်ချက်အနေနဲ့ ပြည်တွင်းမှာ ဘဏ်အချင်းချင်း ငွေကြေးနဲ့ ချေးငွေ ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပြီးတော့ ၎င်းအပြင် ဘဏ်များမှာလည်း နိုင်ငံခြားငွေဖြင့် ငွေကြေးအရင်းအမြစ်များ လုံလောက်စွာ စုစည်းရရှိရန် လိုအပ်ပါတယ်။ အဲဒီလို အခြေအနေတစ်ရပ် ရှိမှသာ ပြည်တွင်းဘဏ်များအနေနဲ့ နိုင်ငံခြားငွေဖြင့် ချေးငွေကို မိမိ၏ဖောက်သည် (Customer) များအတွက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။အစီအစဥ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဗိုလ်မှူးချုပ်ကျော်ဦးလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာသူများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သ

ဂါရဝပြုအပ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် သဘောတူ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ပေးပို့လာတဲ့ စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီ၏ တာဝန်ပေးချက်အရ ကျွန်တော် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် ကျော်ဦးလွင် က ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ - ၁၂၁
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ မတ် လ ၁၃ ရက်

၁။ ပြည်သူ့လွှတ်တော်က စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ၁၇-၂-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၇-၃-၂၀၁၄ ရက်နေ့တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)တွင် ဖော်ပြထားချက်များအစားလုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန်အတွက် အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)ဦးစီးဌာန ဆိုသည်မှာသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။

(ခ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၄ ၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၁)တွင် ဖော်ပြထားချက်အစား ကောင်စီလုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ဦးစီးဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)အစိုးရအဖွဲ့ကတာဝန်ပေးသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ် ဥက္ကဋ္ဌ

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၅ နှင့် ပုဒ်မ ၈ တို့တွင် ပါရှိသော စကားရပ်များသည် ပုဒ်မ ၃၂ တွင် ဉာဏ်ပူဇော်ခအပါအဝင် စရိတ်များ ကျခံဆောင်ရွက်ရန် ပြင်ဆင်ပြီးဖြစ်သဖြင့် ဖော်ပြရန်မလိုအပ်ဘဲ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)တို့တွင် ဖော်ပြထားသော အမျိုးသားစံချိန်စံညွှန်း ဆိုသည့် စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် ညီညွတ်မှုရှိစေရန်အတွက် မြန်မာနိုင်ငံ စံချိန်စံညွှန်း ဆိုသည့် စကားရပ်ဖြင့် ပြောင်းလဲပြင်ဆင်ပြီး ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)တို့အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) အမျိုးသား စံချိန်စံညွှန်းကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လုပ်ငန်းဆောင်ရွက်မှုနှင့် ရန်ပုံငွေဆိုင်ရာ ကိစ္စရပ်များကို အစီရင်ခံ တင်ပြနိုင်ရန်အတွက် ပုဒ်မ ၅၊ ပုဒ်မခွဲ(ဎ) အဖြစ် အောက်ပါအတိုင်း အသစ်ထပ်မံ ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ ၅၊ ပုဒ်မခွဲ(ဎ) မြန်မာနိုင်ငံ စံချိန်စံညွှန်းဆိုင်ရာကိစ္စများနှင့် ရန်ပုံငွေဆိုင်ရာကိစ္စများကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း။

(စ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၇၊ ပုဒ်မခွဲ(က)တွင် ပါရှိသော ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ နောက်တွင် ကော်မတီဥက္ကဋ္ဌအဖြစ် စံချိန်စံညွှန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်ပုဂ္ဂိုလ်များကိုလည်း တာဝန်ပေးအပ်နိုင်ရန်အတွက် သို့မဟုတ် အခြား သင့်လျော်သည့် ပညာရှင် တစ်ဦးဦး ဆိုသည့် စကားရပ်ဖြင့် ဖြည့်စွက်ပြီး ပုဒ်မ ၆၊ ပုဒ်မ ခွဲ(က)အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အခန်း(၇)တွင် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ရန် ဖော်ပြထားချက်များအစား အုပ်ချုပ်ရေးအပိုင်းမှ တရားစီရင်ရေးကဲ့သို့ ဆောင်ရွက်ခွင့်မရှိသဖြင့်အသုံးအနှုန်းများ ဆီလျော်မှုရှိစေရန်အတွက် အခန်း(၇) ခေါင်းစဉ်ဖြစ်သည့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်းဆိုသည့် စကားရပ်ကို ကော်မတီ၏အရေးယူပိုင်ခွင့်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့တွင် စီမံခန့်ခွဲရေးဆိုင်ရာအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် ဆိုသည့် စကားရပ်ကို ကော်မတီသည် အောက်ပါ အရေးယူမှုတစ်ရပ်ရပ်ကို ဆုံးဖြတ်ဆောင်ရွက်နိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၄ တွင် အမိန့်ဆိုသည့်စကားရပ်ကို အရေးယူဆောင်ရွက်မှုဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။
ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၂၁၊ ပုဒ်မ ၂၂ နှင့် ပုဒ်မ ၂၄ တို့ကို ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၂ အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၂၃ တွင် ဖော်ပြထားချက်များအား ဥပဒေရေးထုံး ညီညွတ်မှု ရှိစေရန်အတွက် ပုဒ်မ ၂၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ ၂၁၊ ကော်မတီက ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ ဆုံးဖြတ်ဆောင်ရွက်ခဲ့သော အရေးယူမှုတစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီက ချမှတ်သော အခြားဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ မကျေနပ်သူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

(ဈ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားချက်များအား အရေးအသား ရှင်းလင်းမှု ရှိစေရန်အတွက် ပုဒ်မ ၂၅၊ ပုဒ်မခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ ၂၅၊ ပုဒ်မခွဲ(ဂ) ကောင်စီက သတ်မှတ်သည့် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိကြောင်းသိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ ထုတ်ကုန်တစ်ခုခုကို ကြော်ငြာခြင်း၊ ရောင်းချခြင်း၊ ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိခြင်း၊ ဝန်ဆောင်မှု တစ်ခုခုကို ကြော်ငြာခြင်း၊ ဝန်ဆောင်မှုတစ်ခုခုကို ဆောင်ရွက်ခြင်း။

(ည) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အခန်း(၁၀)ခေါင်းစဉ်ဖြစ်သည့် ဘဏ္ဍာရေးဆိုသည့်စကားရပ်အစား ဤအခန်းပါ ဖော်ပြချက်များသည် ကော်မတီ၏ ရန်ပုံငွေထူထောင်သုံးစွဲရေးဆိုင်ရာ ပြဋ္ဌာန်းမှုများဖြစ်ပြီး ကော်မတီသည် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်း မဟုတ်ပါသဖြင့် ရန်ပုံငွေ ထူထောင်သုံးစွဲခြင်းဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဋ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၂၉ တွင် စံချိန်စံညွှန်းလုပ်ငန်း ကော်မတီဟု ဖော်ပြထားပါသည်။ ပုဒ်မ ၂၊ ပုဒ်မခွဲ(တ)၌ ကော်မတီကို အဓိပ္ပာယ်ဖွင့်ဆိုထားပြီးဖြစ်သဖြင့် စံချိန်စံညွှန်းလုပ်ငန်းဆိုသည့်စကားရပ်ကို ပယ်ဖျက်ပြီး ကော်မတီဟုသာ ဖော်ပြပြီး ပုဒ်မ ၂၇ အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဌ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၃၀ တွင် ဖော်ပြထားသော ဝန်ကြီးဌာနမှတစ်ဆင့် ဆိုသည့်စကားရပ်အား ကောင်စီမှ တာဝန်ခံယူဆောင်ရွက်သင့်ပါသဖြင့် ကောင်စီမှတစ်ဆင့်ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ပြီး ပုဒ်မ ၂၈ အဖြစ် ပြောင်းလဲ အမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဍ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၃၂ တွင် ဖော်ပြထားချက်များအား တာဝန်ခံဦးစီးဌာနအနေဖြင့် ကောင်စီနှင့် ကော်မတီ၏ ရုံးလုပ်ငန်းများကို သာမက ကုန်ကျစရိတ်များကို ကျခံဆောင်ရွက်ပေးနိုင်ရန်အတွက် ပုဒ်မ ၃၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုဒ်မ ၃၀ ဦးစီးဌာနသည် ကောင်စီနှင့် ကော်မတီ၏ ဘဏ္ဍာပူဇော်ခအပါအဝင် ကုန်ကျစရိတ်နှင့် ရုံးလုပ်ငန်းများကို တာဝန်ယူစီစဉ်ဆောင်ရွက်ပေးရမည်။

( ၁) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၃၅ ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ (က)နှင့် ညီညွတ်မှုရှိစေရန်အတွက် ပုဒ်မ ၃၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ ၃၃ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သောအမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ) ကော်မတီနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၀-၃-၂၀၁၄ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော် က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားဆေးဝါး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသား လွှတ်တော်သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော် ၏ ပြင်ဆင်ချက် အပိုဒ် ၂ -

၂။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံအစားအသောက် နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဆေးဝန်ထမ်းညွှန်ကြားရေးမှူး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန၊ | အဖွဲ့ဝင် |

ကျန်းမာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန၊<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်<br>ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး<br>ဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး<br>နေပြည်တော်စည်ပင်သာယာရေး<br>ကော်မတီ | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်တစ်ဦး<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေး<br>ကော်မတီ | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ်တစ်ဦး<br>မန္တလေးမြို့တော်စည်ပင်သာယာရေး<br>ကော်မတီ | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန၊<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့် | အဖွဲ့ဝင် |

ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆေးသိပ္ပံပညာဦးစီးဌာန၊
ကျန်းမာရေးဝန်ကြီးဌာန

(ဖ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန၊
(မြန်မာပြည်အလယ်ပိုင်း)
ကျန်းမာရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အစားအသောက်နှင့် ဆေးဝါး
ကွပ်ကဲရေးဦးစီးဌာန၊
ကျန်းမာရေးဝန်ကြီးဌာန

ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁:၀၄။**

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၁:၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို နံနက် ၁၁:၀၂ နာရီတွင် ရပ်နားပြီး ၁၁:၁၇ အချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမပုံမှန်မှ သတ္တမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာနှင့် ကော်မတီ၏ ကွင်းဆင်းစိစစ်ချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမပုံမှန်မှ သတ္တမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့်စပ်လျဉ်းတဲ့ အစီရင်ခံစာနဲ့ ကော်မတီ၏ ကွင်းဆင်းစိစစ်ချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဦးခင်မောင်ဌေး (အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)။** ။ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၁၀)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အတွင်းရေးမှူး ဦးခင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်း

ခဲ့သည့် အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် ပထမပုံမှန်မှ သတ္တမပုံမှန်အစည်းအဝေးအထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် ကြယ်ပွင့်ပြမေးခွန်းများနှင့် အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနဲ့ စပ်လျဉ်းသည့် အစီရင်ခံစာကို ကော်မတီ၏ ကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီး ဖြစ်တဲ့အတွက် ကော်မတီရဲ့ ဆောင်ရွက်ချက်များမှ စတင်ပြီး ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ကော်မတီ၏ဆောင်ရွက်ချက်များ

ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို ၁-၁၀-၂၀၁၃ မှ ၁၄-၁၁-၂၀၁၃ ထိ ကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ကိုယ်စားလှယ်များမှ ကြယ်ပွင့်မပြမေးခွန်းများ ပေးပို့မေးမြန်း ခြင်းနှင့်စပ်လျဉ်း၍ ကော်မတီမှ မှတ်တမ်းတင်ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီအနေဖြင့် အဋ္ဌမပုံမှန် အစည်းအဝေးပြီးနောက် အစီရင်ခံစာအား အောက်ပါအတိုင်း အပိုင်း(၃)ပိုင်းဖြင့် ပြုစုတင်ပြအပ်ပါသည်။

(က) အပိုင်း(၁) ပထမအကြိမ် အမျိုးသားလွှတ်တော်အဋ္ဌမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများအနက် ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများ၊ အတည်ပြုခဲ့သည့်အဆိုများ နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြားချက်များနှင့် ဆောင်ရွက်ချက်များ။

(ခ) အပိုင်း(၂) ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် စာဖြင့် မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများအနက် ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများ နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များမှ ပြန်လည် ဖြေကြားချက်များနှင့် ဆောင်ရွက်ချက်များ။

(ဂ) အပိုင်း(၃)ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ဆဋ္ဌမနှင့် သတ္တမပုံမှန်အစည်းအဝေး များတွင်မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အတည်ပြု ခဲ့သည့် အဆိုများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင် များမှ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်မေးခွန်းများနှင့် အဆိုများ။

အပိုင်း(၁)

(က) မေးခွန်းများ။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ဌာနများ၏ ဖြေကြားချက်များတွင် အာမခံချက်၊ ကတိနှင့်တာဝန် ခံချက်များ ဖြစ်ပေါ်ခဲ့သည့် မေးခွန်းများမှာ (၁၉)ခုဖြစ်ပြီး ရှင်းလင်းချက်သာ ဖြစ်ပြီး၊ ကတိမဖြစ်သည့် မေးခွန်းများမှာ (၄၁)ခု ဖြစ်ပါသည်။ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်း များအပေါ် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဆောင်ရွက်ပြီးစီးမှု(၄)ခု၊ ဆောင်ရွက်ဆဲ (၁၅)ခုတို့ ဖြစ်ပါသည်။ ဝန်ကြီးဌာနအလိုက် ကြယ်ပွင့်ပြမေးခွန်းများအပေါ် ကတိ ဖြစ်/မဖြစ်နှင့် ဆောင်ရွက်ပြီးစီးမှုတို့နှင့် ဆောင်ရွက်ဆဲများကို Power Point ဖြင့် တင်ပြ

ထားပါတယ်။ အသေးစိတ်ကိုတော့ နောက်ဆက်တွဲ(က)ဖြင့် အစီရင်ခံစာမှာကျွန်တော်တို့ ဖော်ပြထားပါတယ်။

(ခ) အဆိုများ။ ပထမအကြိမ်အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် အဆို (၅)ခု ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးခဲ့သည့် အဆို(၅)ခုအနက် အဆို(၃)ခုအား လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။ ဝန်ကြီးဌာနများမှ အတည်ပြုခဲ့သည့် အဆိုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အသေးစိတ်ကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားပါသည်။ အဆိုတစ်ခုမှာ ဆောင်ရွက်ပြီးဖြစ်ပြီး၊ ကျန်အဆို(၂)ခုမှာ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

အပိုင်း(၂)

ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှပေးပို့ခဲ့သည့် ကြယ်ပွင့်မပြမေးခွန်းပေါင်း(၁၃၉)ခုနှင့်စပ်လျဉ်း၍ စိစစ်ရာတွင် ကတိ ဖြစ်ပေါ်ခဲ့သည့် မေးခွန်း (၃၀)ခုအနက် ဆောင်ရွက်ပြီးစီးမှု(၃)ခု ရှိပြီး ဆောင်ရွက်ဆဲမှာ (၂၇)ခုရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ကတိဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းပေါင်း (၃၀)တို့နှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ (ခ)ဖြင့် ပြုစုတင်ပြထားပါတယ်။ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်မှု အခြေအနေကို Power Point ဖြင့် တင်ပြထားပါတယ်။

အပိုင်း(၃)

ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန်၊ ပဥ္စမ ပုံမှန်၊ ဆဋ္ဌမပုံမှန်နှင့် သတ္တမပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် တင်သွင်းခဲ့သည့် အဆိုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ နှင့် ဆောင်ရွက်ရန်ကျန် အခြေအနေများကိုလည်း ဆက်လက်ပြီး Power Point ဖြင့် တင်ပြ အပ်ပါတယ်။ အစီရင်ခံစာတွင် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် စာရင်းများ၏ အသေးစိတ်ကို နောက်ဆက်တွဲ(ဂ) ဖြင့် တင်ပြထားပါတယ်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် အမျိုးသားလွှတ်တော် နည်းဥပဒေပုဒ်မ (၇၁)အရ လွှတ်တော်တွင် ပြည်ထောင်စုအစိုးရမှ အခါအား လျော်စွာပေးခဲ့သည့် ကတိများကို လိုက်နာခြင်းရှိ/မရှိ စိစစ်နိုင်ရန်နှင့် ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ ကတိများကို မည်သည့်အခြေအနေအထိ ဆောင်ရွက်ပြီးစီးကြောင်းနှင့် သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိ၊ မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းရှိ/မရှိ စိစစ်နိုင်သည်ဟု ပြဋ္ဌာန်း ထားသည့်အတွက် အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေများသို့ ၁၆-၁၂-၂၀၁၃ ရက်နေ့မှ ၂၄-၁၂-၂၀၁၃ ရက်နေ့အထိ သွားရောက် စိစစ်ခဲ့ပါသည်။ ကွင်းဆင်း စိစစ်ချက် အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် သီးခြားတင်ပြထားပါသည်။

## ကော်မတီ၏စိစစ်တွေ့ရှိချက်

ကော်မတီ၏ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်းပေါင်း(၆၀)ခုနှင့် ကြယ်ပွင့်မပြ မေးခွန်းပေါင်း(၁၃၉)ခု၊ စုစုပေါင်း(၁၉၉)ခု မေးမြန်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ဖြေကြားခဲ့ကြောင်း တွေ့ရှိရပါသည်။

(ခ) ကြယ်ပွင့်ပြမေးခွန်းပေါင်း (၆၀)ခုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဖြေကြားချက်များအရ ကတိကဝတ် ဖြစ်ပေါ်ခဲ့သည့် မေးခွန်းပေါင်း(၁၉)ခုတွင် ဆောင်ရွက်ပြီးစီးမှု(၄)ခုရှိပြီး ဆောင်ရွက်ဆဲ(၁၅)ခု နှင့် ကတိကဝတ် မဖြစ်ပေါ်ခဲ့သော မေးခွန်းပေါင်း (၄၁)ခု ဖြစ်ပါသည်။

(ဂ) ကြယ်ပွင့်မပြမေးခွန်းပေါင်း (၁၃၉)ခုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများ နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ဖြေကြားချက်များအရ ကတိကဝတ် ဖြစ်ပေါ်ခဲ့သည့်မေးခွန်းပေါင်း(၃၀)ခုတွင်ဆောင်ရွက်ပြီးစီးမှု(၃)ခုဖြစ်ပြီး ဆောင်ရွက်ဆဲ (၂၇)နှင့် ကတိကဝတ် မဖြစ်ပေါ်ခဲ့သော မေးခွန်းပေါင်း(၁၀၉)ခု ဖြစ်ပါသည်။

(ဃ) တင်သွင်းခဲ့သည့် အဆိုပေါင်း (၅)ခုရှိသည့်အနက် လွှတ်တော်က အဆို(၃)ခုအား အတည်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(င) အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ပြန်လည် ဖြေကြားသည့် အဖြေများတွင် လတ်တလော ဘတ်ဂျက်နှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းရှိသကဲ့သို့၊ အချို့မှာ လာမည့် (၅)နှစ် စီမံကိန်းကာလတွင် ထည့်သွင်းလျာထား ဆောင်ရွက်ရသည်များလည်း ရှိပါသည်။ သက်ဆိုင်ရာ ဘတ်ဂျက် တွင် ပါဝင်ခြင်း ရှိ/မရှိ၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း ထပ်မံနှိုးဆော် သတိပေး စိစစ်ရန်လိုသကဲ့သို့ မိမိတို့ကော်မတီကလည်း အဆိုပါကျန်ရှိနေသည့် လုပ်ငန်းများကို အမျိုးသားလွှတ်တော်တွင် ဝန်ကြီးဌာနများ၏ ဘတ်ဂျက်များကို စိစစ်ရန် တာဝန်ခွဲဝေပေးထားသည့် ကော်မတီအသီးသီးသို့ အချိန်မီဆက်သွယ် အကြောင်းကြားပေးနိုင်ခဲ့ပါသည်။ သို့ရာတွင် သက်ဆိုင်ရာ ကော်မတီများအနေဖြင့် အတွေ့အကြုံ နည်းသည့်အတွက် ထိထိမိမိ ဆောင်ရွက်နိုင်မှု မရှိသည်ကို တွေ့ရှိ ရပါသည်။ ကတိပေးခဲ့သည့်မေးခွန်းအား ဝန်ကြီးဌာန၏ဘတ်ဂျက်တွင် ပါဝင်ခြင်း မရှိတဲ့အတွက် လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များမှ ထပ်မံ၍ မေးခွန်းများ မေးရသည်ကိုလည်း တွေ့ရှိနေရပါသည်။

(စ) လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်မပြမေးခွန်းများထဲမှ သက်ဆိုင်ရာဝန်ကြီး ဌာန၏ ဘတ်ဂျက်တွင်ပါဝင်ခြင်းမရှိကြောင်း သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်

များမှကော်မတီထံ အကြောင်းကြားလာသည့် မေးခွန်းပေါင်း (၄၈)ခုရှိပါသည်။ ဝန်ကြီးဌာနများနှင့် ကော်မတီမှညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် မေးခွန်း(၂၃)ခုမှာ ၂၀၁၄-၂၀၁၅ ဘတ်ဂျတ်တွင် ပါရှိသွားပြီး မေးခွန်း(၂၅)ခုမှာ ကျန်ရှိနေဆဲ ဖြစ်ပါသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ဘတ်ဂျက်တွင် ပါဝင်ခြင်းမရှိသော မေးခွန်း(၂၅)ခုကို အစီရင်ခံစာမှာ ဖော်ပြထားပြီးဖြစ်တဲ့အတွက် ဖတ်ကြားတင်ပြခြင်း မပြုတော့ဘဲ ကော်မတီ ၏ သုံးသပ်ချက်ကို ဆက်လက်ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ကော်မတီ၏သုံးသပ်ချက်

ကော်မတီ၏ သုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ မေးမြန်းခြင်းနှင့်အဆိုများ တင်သွင်းခြင်း အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအချို့မှ ယခင်က ဖြေကြားချက်များမှာ တိကျရေရာမှုမရှိခြင်း၊ ဝန်ကြီးဌာန၏တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆောင်ရွက်ပြီး Data များကို ဖတ်ကြားရှင်းလင်းနေခြင်းတို့ကြောင့် အချိန်ကုန်ပြီး လိုရင်းမရောက်ဖြစ်ခဲ့ရာမှ ယခုအခါ လိုရင်းတိုရှင်း ထိမိသောအဖြေများနှင့်အတူ ဆောင်ရွက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) ယခင် ၁၉၆၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါလီမန် တတိယပြည်သူ့လွှတ်တော် ညီလာခံ မှတ်တမ်းမှ ကြယ်ပွင့်ပြမေးခွန်းများနှင့် ပတ်သက်၍ လေ့လာရာတွင် လွှတ်တော်အမတ် ဦးရွှေသီး မှ မေးခွန်းမေးမြန်းရာ မြေပုံမြို့နယ်ရှိ ကန်ထောင့်ကြီးကျေးရွာတွင် အချိန်မီ အလယ်တန်းကျောင်း(၁)ကျောင်း ဖွင့်လှစ်ပေးရန်အတွက် (က) မြေပုံမြို့နယ်ရှိကန်ထောင့်ကြီးကျေးရွာတွင် အလယ်တန်းကျောင်း(၁)ကျောင်း အစိုးရက ဖွင့်လှစ်ပေးပါမည်လား၊ (ခ)အချိန်မီ အလယ်တန်းကျောင်း ဖွင့်လှစ်ရန် ကြံရွယ်ပါသလား၊ (ဂ) မကြံရွယ်ပါလျှင် အဘယ်ကြောင့်ပါနည်းဟု မေးမြန်းရာဝန်ကြီး ဦးအေးမောင်က ဖြေကြားရာတွင် မေးခွန်း(က)နှင့် (ခ) တို့နှင့်ပတ်သက်၍ ဘဏ္ဍာတော်နှစ် ၁၉၆၀-၁၉၆၁ ခုနှစ်အတွင်းတွင် ဖွင့်လှစ်ပေးနိုင်မည်မဟုတ်ပါ။ နောင်နှစ်များတွင် ဖွင့်လှစ်ရန် လို/မလို စုံစမ်း၍ အရေးယူပါမည်။ (ဂ) မေးခွန်းနှင့်ပတ်သက်၍ ဘဏ္ဍာတော်နှစ် ၁၉၆၀-၁၉၆၁ ခုနှစ်အတွက်အလယ်တန်းကျောင်းသစ်များ ဖွင့်လှစ်ပေးရန် ဘဏ္ဍာရေးသတ်မှတ်ချက် မရှိ၍ ဖြစ်ပါသည်ဟုဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ တိကျစွာ ဖြေကြားသွားသည်ကိုလည်း လေ့လာမှတ်သားရပါသည်။

(ဂ) အမျိုးသားလွှတ်တော်၊ ဆဋ္ဌမပုံမှန် အစည်းအဝေး၊ ဒသမနေ့ အစီအစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ကလေးမြို့နယ်၊ ဆည်တော်ဦးကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲအား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရာတွင် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဖြေကြားရာတွင် ဆည်တော်ဦးကျေးရွာ အလယ်တန်း ကျောင်းခွဲတွင် ကျောင်းသားအရေအတွက် (၂၆၉)ဦးရှိသည့်အတွက် အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ပေးရန် ကျောင်းသားအရေအတွက် ပြည့်မီ

ကျော်လွန်နေကြောင်း တွေ့ရှိရပြီး သက်ဆိုင်ရာ ကျောင်းအနေနှင့်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဌာနကို ကျောင်းအဆင့် တိုးမြှင့်ပေးနိုင်ရေးအတွက် တင်ပြဆောင်ရွက်ပြီးစီးကြောင်းကိုလည်း စိစစ်တွေ့ရှိရပါသည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုး ဆောင်ရွက်သည့်အခါ ဆည်တော်ဦးကျေးရွာ အလယ်တန်းကျောင်းခွဲကို ဦးစားပေးနေရာမှထားရှိစဥ်းစားသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည့်အတွက် ကော်မတီမှ ကတိအဖြစ် သတ်မှတ်ခဲ့ပါသည်။ သို့ရာတွင် ဦးစားပေး ဆောင်ရွက်ပေးနိုင်ခြင်း မရှိသဖြင့်ဆောင်ရွက်ဆဲ အဖြစ်သာရှိနေဆဲ ဖြစ်ပါသည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့် အဆိုများ အပေါ်အချို့ဝန်ကြီးဌာနများအနေဖြင့် ဖြေကြားချက်များအရ ကတိကဝတ် ဖြစ်ခဲ့သော်လည်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ချက်များ နှောင့်နှေးမှု ရှိနေခြင်းနှင့်ကတိကဝတ်နှင့် ကိုက်ညီမှုမရှိသည်များလည်း ဖြစ်ပေါ်လျက်ရှိသည့်အပြင်မေးခွန်းများ အဆိုများအပေါ် ကတိပေးခဲ့ပြီးလက်တွေ့ ဆောင်ရွက်ချက်များမှာ လွှတ်တော် ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များကျေနပ်အားရမှု မရှိသည်ကိုလည်း တွေ့ရှိရပါသည်။

(ဃ) ကိုယ်စားလှယ်များ၏ ကတိဖြစ်မေးခွန်းများ၊ အတည်ပြုခဲ့သည့်အဆိုများနှင့်ပတ်သက်၍ ကော်မတီမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးတွင် ဝန်ကြီးဌာနများမှဆောင်ရွက်ပြီးသတ်မှတ်ပေးပါရန် တင်ပြလာသော မေးခွန်း၊ အဆိုများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအား မေးမြန်းကြည့်ရာတွင် တစ်စုံတစ်ရာ ဆောင်ရွက်မှု မရှိကြောင်းနှင့် အချို့မှာ ရာခိုင်နှုန်း အနည်းငယ်သာ ပြီးစီးကြောင်း ဖြေကြားချက်များသိရှိနေရပါသည်။ ဥပမာ-တတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် ၏ ကျီခါးမြို့နယ်ခွဲနှင့် ခမ်းပါတ်မြို့နယ်ခွဲတို့အား ချိတ်ဆက်စေမည့် လမ်းကြားအား ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဥ် ရှိ/မရှိ မေးခွန်းမှာ ကတိဖြစ်ခဲ့ပြီး ရာခိုင်နှုန်းပြည့်ပြီးစီးသည်ဟုသတ်မှတ်ရန်ဝန်ကြီးဌာနမှ တင်ပြသော်လည်းပဲ ၎င်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးမှုမရှိကြောင်း သက်ဆိုင်ရာ ကိုယ်စားလှယ်ထံမှ သိရှိရပါသည်။

(င) အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ၏ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု Sanction များအား ဖြေလျှော့ ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝဖြေလျှော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုသည် အဆိုအတည်ဖြစ်ခဲ့ပါသည်။နိုင်ငံတော်အစိုးရအနေဖြင့်အမေရိကန် နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ စီးပွားရေးပိတ်ဆို့မှုများကို ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် စီးပွားရေး ပိတ်ဆို့မှုများစွာမှာ ကင်းလွတ်ခွင့် ရရှိခဲ့သော်လည်း ကျောက်မျက်

ကိစ္စ နှင့် ပတ်သက်၍ ကင်းလွတ်ခွင့်ရရှိရန် ကျန်ရှိနေဆဲဖြစ်ပါသည်။ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် ၎င်းအဆိုနှင့်ပတ်သက်ပြီး ဆောင်ရွက်ပြီး အဆိုအဖြစ် သတ်မှတ်ပေးရန် အကြောင်းကြားလာခဲ့ပါသည်။ သို့ရာတွင် ကော်မတီအနေဖြင့် ကျောက်မျက်ကိစ္စကို အမေရိကန်နိုင်ငံမှ ဆက်လက်ပိတ်ဆို့ထားဆဲ ဖြစ်နေခြင်းကြောင့် ဆောင်ရွက်ပြီး အဆိုအဖြစ် သတ်မှတ်ခြင်း မပြုဘဲ ဆောင်ရွက်ဆဲအဖြစ်သာ ဆက်လက် မှတ်တမ်းတင်ထားပါသည်။ ကော်မတီအနေဖြင့် အထက်ပါအခြေအနေများအရ ဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖြေကြားသော်လည်း လက်တွေ့တွင် ဆောင်ရွက်ပြီးစီးမှု မရှိကြောင်း တွေ့ရှိရသည့် လုပ်ငန်းများအား အထူးကိစ္စရပ်အနေဖြင့် ကော်မတီမှ ကွင်းဆင်းစိစစ်သင့်ကြောင်း သုံးသပ်ရရှိပါသည်။ ထို့ကြောင့် ကော်မတီအနေဖြင့် ကော်မတီ၏တာဝန်များပါ ကတိများနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိ စိစစ်နိုင်ရေးအတွက် အဖွဲ့(၄)ဖွဲ့ခဲ့၍ လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စိစစ်ခဲ့ပြီးလည်း ဖြစ်ပါသည်။ ဆက်လက်၍လည်း ဝန်ကြီးဌာနများနှင့် လိုအပ်သလို ညှိနှိုင်းတွန်းအားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(စ) အချို့အဆိုများသည် လွှတ်တော်၌ အတည်ပြုခဲ့သော်လည်း ဝန်ကြီးဌာနများမှ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲရှိကြောင်း တင်ပြထားမှုများလည်း ရှိနေပါသည်။ဥပမာ -ဒုတိယပုံမှန် အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင်၏ ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များ ပို့ချသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ပထမနှစ်သာမက ဒုတိယနှစ်သင်တန်းများ၌ ပင်ရင်းမြန်မာစာသင်ကြားပေးရန် အဆိုအား လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်မှ အဆိုအတည်ဖြစ်ခဲ့ပြီးဖြစ်ပါသည်။ သို့သော် ပညာရေးဝန်ကြီးဌာနမှ ၎င်းအဆိုကို စဖြေစဉ်ကပင် လွှတ်တော်၌ ရှင်းလင်းရာတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်ဘွဲ့ကြိုသင်တန်းများတွင် ဘာသာရပ်အသီးသီး စာသင်ကြားချိန် မျှတမှုရှိစေရန် ရည်ရွယ်လျက် သင်ကြားချိန်ကာလ ညှိနှိုင်းလျှော့ချထားသည်ဖြစ်၍ ဒုတိယနှစ်မြန်မာစာအထူးပြုမှလွဲ၍ ကျန်အထူးပြုဘာသာရပ်များတွင် မြန်မာစာထည့်သွင်းသင်ကြားခြင်း မပြုခဲ့ပါဟု ဖြေကြားခဲ့သော်လည်း လွှတ်တော်တွင် ၎င်းအဆိုမှာ အတည်ဖြစ်ခဲ့ပါသည်။ လက်ရှိအခြေအနေတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များ ပို့ချသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပထမနှစ်အတန်းများ၌ မြန်မာစာကို FoundationCourse အဖြစ်သင်ကြားပေးလျက်သာ ရှိကြောင်း၊ အဆိုရှင်၏အဆိုကို ဆောင်ရွက်နိုင်မှုမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မတီအနေဖြင့် အတည်ပြုအဆိုဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း ဝန်ကြီးဌာနအား ပြန်လည်ရှင်းလင်းခဲ့ပါသည်။

(ဆ) အလားတူပင် ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် သည် ပဥ္စမပုံမှန်အစည်းအဝေးတွင် အဆို တင်သွင်းခဲ့ရာ အဆိုအတည် ဖြစ်ခဲ့ပါသည်။ ၎င်းအဆိုမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများတွင် တိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့်

(လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိဆောင်ရွက်ဆဲ အခြေအနေအား ဖြေကြားရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တိုင်းရင်းသား ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးပါက အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသိအမှတ် ပြုရန်အခက်အခဲ ရှိသဖြင့်လည်းကောင်း၊ အများစုနေထိုင်သည့် တိုင်းရင်းသား လူမျိုးစုနှင့် အနည်းစု နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများအကြား အထင်အမြင် လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားလာနိုင် သဖြင့်လည်းကောင်း၊ ယခုအခါ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များသို့ ဖြေလျှော့ ဆောင်ရွက်နိုင်ရန် ယာယီဖွဲ့စည်းခွင့်ပြုမိန့်များဖြင့် လုပ်ကိုင် ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ သို့ရာတွင် တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှု အဖွဲ့များ အား ဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်)ကို ဗဟိုမှသာ တာဝန်ခံဆောင်ရွက်သင့်ကြောင်း ပြန်လည် ရှင်းလင်း ဖြေကြားလာခဲ့ပါသည်။

(ဇ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များသည် ပြည်သူများ အမှန်တကယ် လိုအပ်ချက်၊ ခံစားချက်များဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အမြန် ဆောင်ရွက်ပေးမှသာ ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို ယုံကြည်လာ မည်ဖြစ်သကဲ့သို့ လွှတ်တော်နှင့် နိုင်ငံတော်အစိုးရအပေါ် ယုံကြည်အားကိုးလာမည် ဖြစ်ပါသည်။လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများအပေါ် သက်ဆိုင်ရာဝန်ကြီး ဌာနများက ဖြေကြားချက်များတွင် လာမည့်ဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံပြီး ရန်ပုံငွေ ရရှိလာပါက ဆောင်ရွက်ပေးမည်ဟု ကတိကဝတ်ပြုခဲ့သော်လည်း ဘတ်ဂျက်တွင် တင်ပြတောင်းခံမှုပင် ပါဝင်မလာသည်များကိုလည်း စိစစ်တွေ့ရှိ ရပါသည်။ ကတိဖြစ်ခဲ့သော မေးခွန်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများ၏ ဖြေကြားချက်များကို လေ့လာရာတွင် ဘတ်ဂျက် တောင်းခံ၍ ဘတ်ဂျက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားချက် များမှာ အများဆုံးဖြစ်ပါသည်။ အတည်ပြု အဆိုများနှင့်ပတ်သက်၍ ဥပဒေကြမ်းနှင့် ရေးဆွဲရန်ကျန်သည့် လုပ်ငန်းများမှာ အများဆုံး ဖြစ်ပါသည်။

(ဈ) အချို့မေးခွန်းများမှာ သက်ဆိုင်ရာဝန်ကြီးဌာနများက လွှတ်တော်တွင် ဖြေကြားရုံဖြင့် မလုံလောက်ဘဲ အများပြည်သူများ သိရှိနိုင်စေရန် လိုအပ်သောအချက်များကို သတင်း မီဒီယာများမှတစ်ဆင့် ထုတ်ပြန်အသိပေးသင့်ကြောင်းလည်း တွေ့ရှိရပါသည်။
အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပုဒ်မ ၁၂၂ တွင် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းများဖြစ်သည်ဟု ဥက္ကဋ္ဌက သတ်မှတ်သော မေးခွန်း များနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းနိုင်သည် ဟု ပြဋ္ဌာန်း ထားသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်း ထုတ်ပြန်ရန်နှင့် နေ့စဉ်ထုတ်သတင်းစာများတွင် အပြည့်အစုံရေးသား ဖော်ပြရန်

ဆုံးဖြတ်ခဲ့ခြင်းကြောင့် လွှတ်တော်နှင့်အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူများမှ ပိုမို၍ ထင်သာမြင်သာ ရှိစေခဲ့ပါသည်။

(ည) လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့မေးမြန်းချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ကတိကဝတ်အရ သတ်မှတ်ကာလအတွင်း အရည်အသွေး ကိုက်ညီစွာ ပြီးမြောက်မှုမရှိခြင်း၊ ပြီးမြောက်ပါသော်လည်း ပြည့်စုံမှု (perfect and complete)မဖြစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဤကော်မတီသို့ ဆက်သွယ်အကြံပြု အသိပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်တင်ပြအပ်ပါသည်။

နိဂုံး

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော် နည်းဥပဒေ ၇၁ ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ အမျိုးသားလွှတ်တော်မှ သတ်မှတ်ပေးသည့် ကော်မတီ၏ လုပ်ငန်းတာဝန်များအရလည်းကောင်း တိကျစွာ လိုက်နာပြီး ဆက်လက်စိစစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကော်မတီ၏ ကွင်းဆင်းစစ်ဆေးခဲ့သည့် အစီရင်ခံစာ ဒုတိယပိုင်းကို ကော်မတီဝင် ဦးအောင်ချစ်လွင် မှ ဆက်လက် ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဦးအောင်ချစ်လွင် (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ ပညာရှင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ ကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အဖွဲ့ဝင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ကွင်းဆင်းစိစစ် တွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်တဲ့နေရာများမှာ ကွင်းဆင်းဆောင်ရွက်ချက်လုပ်ငန်းများ ပိုမိုမြင်သာမှုရှိစေရန်အတွက် Projector အသုံးပြုခွင့် ခွင့်ပြု ပေးပါရန် ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ကွင်းဆင်းစိစစ်တွေ့ရှိချက် အစီရင်ခံစာ

နိဒါန်း

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၇၁)အရ လွှတ်တော်တွင် ပြည်ထောင်စုအစိုးရမှ အခါအားလျော်စွာပေးခဲ့သည့် ကတိများကို လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိ စိစစ်နိုင်ရန်နှင့် ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ ကတိများကို မည်သည့်အခြေအနေအထိ ဆောင်ရွက်ပြီးစီးကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ဆောင်ရွက်ပြီးစီးခြင်းရှိ/မရှိ၊ မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းရှိ/မရှိ စိစစ်နိုင်ရေးအတွက် နယ်မြေဒေသအသီးသီးသို့ ကော်မတီဝင်များ အဖွဲ့ခွဲကာ ကွင်းဆင်းစိစစ်ရခြင်း ဖြစ်ပါသည်။

ရည်ရွယ်ချက်

၂။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ကတိပေးခဲ့ပြီး ဆောင်ရွက်ပြီးဖြစ်ကြောင်း ပြန်ကြားလာသည့် လုပ်ငန်းများ၏ ဆောင်ရွက်မှုအခြေအနေအပေါ် ကွင်းဆင်းစိစစ်ပြီး တွေ့ရှိချက်များအား အစီရင်ခံတင်ပြရန် ဖြစ်ပါသည်။

ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

၃။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဌာနများမှ အဖွဲ့အစည်းဝင်များ၏ ကတိ၊ ကဝတ်ဖြစ်ပြီးသည့် လုပ်ငန်းများအနက် ပြီးစီးကြောင်းပြန်ကြားလာသည့် လုပ်ငန်း(၃၂)ခုအား တိုင်းဒေသကြီးနှင့် ပြည်နယ်(၉)ခုတို့တွင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက်နေ့မှ ဒီဇင်ဘာလ (၂၄)ရက်အထိ ဖော်ပြပါ အတိုင်း အဖွဲ့(၄)ဖွဲ့ဖြင့် ဖွဲ့စည်းစိစစ်ခဲ့ပါသည်။

(က) အဖွဲ့(၁) ကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဌေး၊ ကော်မတီအဖွဲ့ဝင် ဦးမှတ်ကြီး၊ ဗိုလ်မှူးမျိုးအောင်တို့ပါဝင်သောအဖွဲ့သည် ၃၀-၁၁-၂၀၁၃ ရက်နေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း၌ လုပ်ငန်း(၁)ခု၊ ၁၆-၁၂-၂၀၁၃ ရက်နေ့မှ ၂၄-၁၂-၂၀၁၃ ရက်နေ့အထိ မန္တလေးတိုင်း ဒေသကြီးအတွင်း၌ လုပ်ငန်း(၂)ခု၊ မကွေးတိုင်းဒေသကြီး၌ လုပ်ငန်း(၄)ခု၊ ပဲခူးတိုင်းဒေသကြီး၌ လုပ်ငန်း(၂)ခု၊ ချင်းပြည်နယ်၌ လုပ်ငန်း(၁)ခု တို့အား စိစစ်ခဲ့ပါသည်။ အဖွဲ့၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များအား နောက်ဆက်တွဲဖြင့် တင်ပြထားပါသည်။

(ခ) အဖွဲ့(၂) ကော်မတီဝင် ဦးသိန်းလှိုင် နှင့် ဦးအောင်ချစ်လွင် တို့ပါဝင်သော အဖွဲ့(၂)(က) သည် ၂၀-၁၂-၂၀၁၃ ရက်နေ့မှ ၂၂-၁၂-၂၀၁၃ ရက်နေ့အထိ ချင်းပြည်နယ်၌ လုပ်ငန်း (၁)ခုနှင့် စစ်ကိုင်း တိုင်းဒေသကြီး၌ လုပ်ငန်း(၁)ခုတို့အား စိစစ်ခဲ့ပါသည်။ ကော်မတီအဖွဲ့ဝင် ဦးမြအုန်း နှင့် ဦးစိုင်းတင်အောင် တို့ပါဝင်သည့် အဖွဲ့(၂)(ခ)သည် ကချင်ပြည်နယ်ရှိ လုပ်ငန်း(၃)ခုတို့ကို စိစစ်ခဲ့ပါသည်။ အဖွဲ့(၂)(က)နှင့်(ခ)တို့၏

စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များအား နောက်ဆက်တွဲဖြင့် တင်ပြထား ပါသည်။

(ဂ) အဖွဲ့(၃) ကော်မတီဝင် ဦးထွန်းကျော် နှင့် ဦးစိုင်းကျော်ဇောသန်း တို့ပါဝင်သော အဖွဲ့(၃) (က) သည် ၁၇-၁၂-၂၀၁၃ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၌ လုပ်ငန်း(၁)ခု၊ကော်မတီဝင် ဦးနှင်းဝေနှင့် ဦးပီမောင်စိုး တို့ပါဝင်သော အဖွဲ့(၃)(ခ)သည် ၁၂-၁၂-၂၀၁၃ ရက်နေ့တွင် ကယားပြည်နယ်၌ လုပ်ငန်း(၁)ခု၊၁၇-၁၂-၂၀၁၃ ရက်နေ့တွင် မွန်ပြည်နယ်၌လုပ်ငန်း (၁)ခုတို့အား စိစစ်ခဲ့ပါသည်။ အဖွဲ့(၃)(က)နှင့်(ခ)တို့၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက် များအား နောက်ဆက်တွဲဖြင့် တင်ပြထားပါသည်။

(ဃ) အဖွဲ့(၄)ကော်မတီဝင် ဦးဉာဏ်လင်း၊ ဒေါက်တာဒွေးဝင်းနှင့် ဗိုလ်မှူးကျော်နိုင်ဌေး တို့ ပါဝင်သော အဖွဲ့(၄)သည် ၁၆-၁၂-၂၀၁၃ ရက်နေ့မှ ၂၀-၁၂-၂၀၁၃ ရက်နေ့အတွင်း ဧရာဝတီတိုင်းဒေသကြီး၌ လုပ်ငန်း(၃)ခု၊ ရန်ကုန်တိုင်းဒေသကြီး၌ လုပ်ငန်း(၁)ခုနှင့် တနင်္သာရီတိုင်းဒေသကြီး၌ လုပ်ငန်း(၁)ခုတို့အား စိစစ်ခဲ့ပါသည်။ အဖွဲ့(၄)၏ စိစစ် တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များ အား နောက်ဆက်တွဲဖြင့် တင်ပြထားပါ သည်။

၄။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ထွန်း သည် အဖွဲ့(၁)နှင့်အတူလိုက်ပါ၍ စိစစ်ခဲ့ပြီး လုပ်ငန်းအားလုံးကို ကြီးကြပ်ကွပ်ကဲ ခဲ့ပါသည်။ လုပ်ငန်းများ စစ်ဆေးသည့်အပေါ် ကော်မတီ၏ စစ်ဆေးတွေ့ရှိချက် သုံးသပ်ချက်နှင့် အကြံပြုချက်အား ကော်မတီအနေဖြင့် ကွင်းဆင်းစစ်ဆေး တွေ့ရှိမှုအပေါ် အောက်ပါအတိုင်း တွေ့ရှိ သုံးသပ်အကြံပြု တင်ပြအပ်ပါသည်။

(က) အဖွဲ့(၁)၊

(၁) နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ Under Pass နှင့် Box Culvert များအား လေ့လာစိစစ်ခဲ့ရာတွင် လမ်းဘေး ဝဲ/ယာရှိ ကျေးလက်နေပြည်သူများ၊ လှည်းများ၊ ဆိုင်ကယ်များနှင့် ကျွဲ၊ နွားများ သည် အမြန်လမ်းမကြီးအပေါ် မကြာခဏ ဖြတ်သန်းသွားလာမှုရှိနေရာတွင် ယာဉ်အန္တရာယ်များ၊ ယာဉ်တိုက်မှုများ၊ ယာဉ်တိမ်းမှောက်မှုများ မကြာခဏ ဖြစ်ပေါ်နေသည့်အတွက် အမြန်လမ်းမကြီး၏ Under Pass များနှင့် Box Culvert များတွင် ရာသီမရွေး ဖြတ်သန်းသွားလာနိုင်ရန်နှင့် ရေဝပ်နေမှု မရှိစေ ရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျ ဖောက်လုပ်သင့်ပါသည်။

(၂) မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်တို့တွင် ဆည်ရေ ပေးမြောင်း ဖောက်လုပ်ပေးထားသော်လည်း ဆည်ရေသောက်ဧရိယာမှာ သိသိသာသာ တိုးတက်မှုမရှိခြင်းအတွက် လယ်များအတွင်းသို့ ဆည်ရေ ရောက်ရှိစေရန် လယ်ကြားမြောင်းများ ဖောက်လုပ်ရန် လိုအပ်နေပြီး လယ်ကြား

မြောင်းဖောက်လုပ်ရန်အတွက် ဒေသခံတောင်သူများအားသက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးမှ ပညာပေးဟောပြော ဆောင်ရွက်သင့်ပါသည်။

(၃) မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ဝွေးပင်ကျေးရွာရှိ စက်ရေတွင်း ရေသုံးစွဲနိုင်မှု မရှိခြင်းမှာ စက်အင်ဂျင်ချို့ယွင်းမှုကြောင့်ဖြစ်ပြီး၊ အင်ဂျင်စက်ပြုပြင်ရန် စီမံမှုလိုအပ်နေသဖြင့် ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်၍ ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရေးအတွက် အမြန်ဆောင်ရွက်သင့်ပါသည်။

(၄) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများမှ ဂန့်ဂေါ-ကလေးလမ်းမကြီး အသစ်ကို တာဝန်ယူဖောက်လုပ်နေသဖြင့် လမ်းဟောင်းအပိုင်းဖြစ်သည့် ကျေးရွာချင်းဆက်လမ်းများ ပျက်စီးမှုအား ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ လွှဲပြောင်းဆောင်ရွက်သွားပါက ပို၍သွားလာမှု အဆင်ပြေနိုင်မည် ဖြစ်ပါသည်။

(၅) ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ ဆောက်လုပ်မှုသည် ကျောင်းဥပမိရပ်သာမက စာသင်ခုံ၊ ပရိဘောဂ၊ ရေတွင်းများ ထည့်သွင်းဆောင်ရွက်သင့်ပြီး ဆောက်လုပ်ပြီးစီးမှုကိုလက်ခံရာတွင်လည်း အရည်အသွေးပြည့်မီသည့် အဆောက်အဦ ဖြစ်စေရေးအတွက် ကြပ်မတ်စိစစ် ဆောင်ရွက်သင့်ပါသည်။

(ခ) အဖွဲ့(၂)၊

(၁) ကချင်ပြည်နယ်၊မိုးညှင်းခရိုင်အတွင်းလျှပ်စစ်ဓာတ်အားမကြာခဏ ပြတ်တောက်မှုဖြစ်နေခြင်းအားသွားရောက်စိစစ်ရာတွင်ထရန်စဖော်မာ၌ထည့်သည့် (အရန်ဆီ) မရှိခြင်းကြောင့်ဖြစ်ကြောင်း၊လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရန်အတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအနေဖြင့် အမြဲမပြတ်ကြပ်မတ်စစ်ဆေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(၂) ကချင်ပြည်နယ်၊ ဗန်းမော်မြို့တောင်ဘက်ရှိ ဟန်းတဲမြို့ထွက်တံတား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းသည် လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးသော်လည်း တံတားရေရှည် တည်တံ့ခိုင်မြဲရန်အတွက် လမ်းမြေထိန်းတမံ ခိုင်ခန့်ရန် ချဉ်းကပ်လမ်းများ ဆက်လက်ပြုပြင်သွားမှသာ ဟန်းတဲမြို့ထွက် တံတား ရေရှည်တည်တံ့ခိုင်မြဲပြီး အဆင်ပြေနိုင်မည်ဖြစ်ပါသည်။

(ဂ) အဖွဲ့(၃)၊

(၁) ရှမ်းပြည်နယ်တောင်ပိုင်း “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်-နမ့်တစ်လမ်းအား ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်မှု အခြေအနေမှာ (၂/၂)မိုင်ကို ကတ္တရာ လမ်းခင်းနေသည်ကို တွေ့ရှိရပါသည်။ ကားလမ်းအောက်ဖက် နမ့်တိန်ချောင်းရေတိုးချိန်ချောင်းကမ်းပါးရေတိုက်စားမှုမှကာကွယ်နိုင်ရန် ကျောက်နံရံ

စီခြင်းသည် ကောင်းမွန်အကျိုးရှိနိုင်သော်လည်း ကားလမ်းဘေး တစ်ဖက်တစ်ချက် မြေပြိုနိုင်မည့်နေရာများအား ဦးစားပေး၍ ကျောက်နံရံ စီသင့်ပါသည်။

(၂) ကယားပြည်နယ်၊ ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန်ရာထူးနေရာ ကင်းကွာနေခြင်းကို ကျန်းမာရေးဝန်ကြီးဌာနမှ (၃)ကြိမ်တိုင် အကြောင်းကြားသော်လည်း အကြောင်းပြန်ကြားချက်မရှိ ဖြစ်နေခြင်းအပေါ် ဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပြီး၊ လတ်တလောအနေဖြင့် လက်ထောက်ဆရာဝန် တစ်ဦး တာဝန်ထမ်းဆောင်နိုင်မှသာဒေသအတွက်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည် ဖြစ်ပါသည်။

(ဃ) အဖွဲ့(၄)၊

(၁) ဧရာဝတီတိုင်းဒေသကြီး မော်တင်စွန်း-ဟိုင်းကြီးမြစ်ကူး တံတားတည်ဆောက်ရန် လျာထားချက်ရှိသော်လည်း ပင်လယ်ဆားငန်ရေ ရိုက်ခတ်မှုကြောင့် ရေရှည်တည်တံ့မှုမရှိနိုင်သဖြင့် ဘေလီတံတား ပြောင်းလဲတည်ဆောက်ပေးခြင်းအတွက် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါသည်။ သို့သော် တံတားချဉ်းကပ်လမ်း (၁)မိုင် (၃)ဖာလုံခန့် ဆောင်ရွက်ရန် ရှိနေခြင်းအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ပါသည်။

(၂) ညောင်ကုန်းမြို့ မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းသည် ရေဘေးအန္တရာယ်နှင့်ယှဉ်သော လုပ်ငန်းဖြစ်သောကြောင့် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် တိုင်းဒေသကြီး ရန်ပုံငွေမှ ကျောက်စီတမံဆက်လက်ဆောင်ရွက်နိုင်ပါရန် နှစ်စဉ်ရန်ပုံငွေကို ယခင်နှစ်ကထက် တိုးမြှင့်ချထားဆောင်ရွက်သင့်ပါသည်။

(၃) ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်ဆားတလင်း-ဒါးပိန်-ကွဲ့ကူး ဆိပ်လမ်းမှာ ရာနှုန်းပြည့်ပြီးစီးသွားသော်လည်း လမ်းပေါ်တွင် နွားလှည်း မောင်းနှင်မှုများကြောင့် လမ်းပခုံးတစ်ချို့ ပျက်စီးမှုများရှိပြီး၊ ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးသင့်ပါသည်။

၆။ ကော်မတီမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စိစစ်ခဲ့သည့်လုပ်ငန်းများအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ လုပ်ငန်းအလိုက် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ပေးသည့်အတွက် လုပ်ငန်းအားလုံးနီးပါး ပြီးစီးနေကြောင်း တွေ့ရှိရပါသည်။ သို့သော် အချို့နေရာများ၌ လုပ်ငန်းတစ်ခုချင်းအလိုက် အရည်အသွေး ပြည့်မီရေး စိစစ်ကြပ်မတ်သွားရန်နှင့် လုပ်ငန်းများအချိန်မီ ပြီးစီးရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

နိဂုံး

၇။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုသည် လွှတ်တော်နှင့်ပြည်ထောင်စုအစိုးရအဖွဲ့တို့အကြား အပြန်အလှန် ထိန်းညှိ

ခြင်းဖြစ်သဖြင့် ဝန်ကြီးဌာန၏ဆောင်ရွက်ချက်များသည် ပွင့်လင်းမြင်သာမှု ရှိသည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုအပေါ် စစ်ဆေးပေးမှုအရ ကျေနပ်အားရမှု ရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် တစ်နှစ်လျှင် တစ်ကြိမ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားလျှင် ပိုမိုထိရောက်မှုရှိသည့်အပြင် ဆက်လက်ပြီး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မည်ဆိုပါက အုပ်ချုပ်မှုကိစ္စရပ်၊ သွားလာရေးကိစ္စများ ကြိုတင်၍ စနစ်တကျ စီမံဆောင်ရွက်သွားရန်လည်း လိုအပ်မည် ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် ကတိပေးခဲ့ပြီး ဆောင်ရွက်ပြီး ဖြစ် ကြောင်း ပြန်ကြားလာသည့်လုပ်ငန်းများ၏ ပြီးစီးမှုအခြေအနေပေါ် ကော်မတီမှ ကွင်းဆင်းစိစစ်ပြီး တွေ့ရှိချက်၊ သုံးသပ်ချက်များနှင့် အကြံပြုချက်များကို တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊
အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်
တာဝန်ခံချက်များစိစစ်ရေးကော်မတီ

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနဲ့ စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၇)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး(၂၇)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့ (အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် တို့ အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ တင်သွင်းတဲ့ အဆိုနဲ့ မေးခွန်းများ လက်ခံခြင်းကို ၁၇-၃-၂၀၁၄ ရက်နေ့ (တနင်္လာနေ့)ယနေ့မှစ၍ ပိတ်သိမ်းပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]